BURMA NEWS INTERNATIONAL
MYANMAR PEACE MONITOR

# Bi-Weekly News Review

Issue 151, 31 July - 13 August 2024



# မြို့သိမ်းဖြစ်စဉ်များနှင့် လေကြောင်းရန်ကြားက ကျီးလန့်စစား ပြည်သူများ





# မြို့သိမ်းဖြစ်စဉ်များနှင့် လေကြောင်းရန်ကြားက ကျီးလန့်စာစား ပြည်သူများ

## နိဒါန်း

"Sold Out" ဆိုသည့် စကားစုကို လူမှုကွန်ရက်၏ ဗန်းစကားတခုဖြစ်လာသည်အထိပင် အာဏာသိမ်းစစ်ကောင်စီသည် နိုင်ငံတပှမ်းရှိမြို့များကို တစ်မြို့ပြီးတစ်မြို့ လက်လွှတ်ဆုံးရှုံး နေရသည်။ ယင်းသို့ဆုံးရှုံးရချိန်တိုင်းတွင်လည်း သွေးရူးသွေးတန်းဖြင့် မြင်မြင်သမျှကို ပစ်မှတ်ထားတိုက်ခိုက်လေ့ရှိသကဲ့သို့ လေကြောင်းမှတဆင့် ပုံးကြဲတိုက်ခိုက်မှုများကိုလည်း နေ့ရော ညပါ၊ နေရာ ဒေသမရွေး လုပ်ဆောင်လေ့ရှိပါသည်။ ထို့ကြောင့်ပင် အရပ်သားပြည်သူများသည် ကျေးလက်ဒေသမှ မြို့ပြသို့သော်လည်းကောင်း၊ မြို့ပြဒေသမှ မြို့ကြီးများသို့သော်လည်းကောင်း၊ မြို့ကြီးများမှသည် ကျေးရွာများဆီသို့သော်လည်း စစ်ဘေးစစ်ဒဏ်လွတ်ရာလွတ်ကြောင်း အတွက်  နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေကြရပါသည်။


ဩဂုတ်လ (၈) ရက်က ပြင်ဦးလွင်-မန္တလေး အဆင်းလမ်းမကြီးပေါ်ရှိ ရာနှင့်ချီသော ကားတန်းကြီးသည် ပြင်ဦးလွင်မြို့ကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်တော့မည် ဟူသော သတင်းစကားများကြောင့် ဘေးလွတ် ရာသို့ ပြေးခွာတိမ်းရှောင်နေကြခြင်းဖြစ်သည်။

ယခုတပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သုံးသပ်ချက်တွင် မြို့သိမ်း ဖြစ်စဉ်များ၊ စစ်အုပ်စု၏ လေကြောင်းရန်နှင့် ကျီးလန့်စာစားပြည်သူများအကြောင်းကို အချက် အလက်၊ ဖြစ်စဉ်ဖြစ်ရပ်များကို အခြေပြုကာ ချဉ်းကပ်တင်ပြသွားပါမည်။

# မြို့သိမ်းဖြစ်စဉ်များ

၂၀၂၄ ခုနှစ် ဩဂုတ်လ ၇ ရက်အထိ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ စစ်အာဏာသိမ်းကာလအတွင်း စစ်ကောင်စီထံမှ မြို့ပေါင်း (၇၆) မြို့ကို တော်လှန်ရေးအင်အားစုများက သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လမှစတင်ပြီး တော်လှန်ရေးအင်အားစုများ၏ မြို့သိမ်းဖြစ်စဉ်များကို တွေ့ရှိခဲ့ရပြီး မြို့အများစုသည် "၁၀၂၇ စစ်ဆင်ရေး" စတင်ပြီးနောက်ပိုင်းတွင်မှ ခပ်စိပ်စိပ်တွေ့ရှိလာရခြင်းဖြစ်သည်။ မြို့ ပေါင်း (၇၆) မြို့အနက် ၄၇ မြို့သည် ၂၀၂၄ ခုနှစ်အတွင်း တွေ့ရှိရသည့် မြို့သိမ်းဖြစ်စဉ်များ ဖြစ်ပါသည်။

၃ နှစ်အတွင်း တော်လှန်ရေးအင်အားစုများမှ နှစ်အလိုက်
သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့အရေအတွက်




၂၀၂၃ ခုနှစ် လဆန်းပိုင်းမှစပြီး အာဏာသိမ်းစစ်အုပ်စုထံမှ မြို့များကို တော်လှန်ရေးအင်အားစုများက လစဉ် အနည်းဆုံး တစ်မြို့သိမ်းပိုက်ထားသည်ကိုလည်း တွေ့ရှိရသည်။ ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်တွင် စတင်ခဲ့သည့် "၁၀၂၇ စစ်ဆင်ရေး" အပိုင်း (၂) စစ်ရေးလှုပ်ရှားမှုများနှင့်အတူ မြို့ပြကို ဦးတည်သည့် တော်လှန်ရေးအင်အားစုများ၏ စစ်ဆင်ရေးများသည် ရှမ်းမြောက်ဒေသ နောင်ချို ၊ မိုးမိတ်၊ လားရှိုး၊ ကျောက်မဲ၊ မန္တလေးတိုင်း စဉ့်ကူး၊ မိုးကုတ်နှင့် တကောင်း [1] စသည့်မြို့များကို ရှေ့ဆင့်နောက်ဆင့် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ ထို့အပြင် ချင်းပြည်နယ်မတူပီမြို့၊ ရခိုင်ပြည်နယ်သံတွဲမြို့နှင့်ကျွန်တော့ာလီမြို့တို့ကိုလည်းဒေသတွင်း တော်လှန်ရေးအင်အားစုများက သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်ကို တွေ့ရသည်။

[1] တကောင်းမြို့ကို NUG တပ်များ သိမ်းပိုက်၊ မြန်မာနောင်း၊ ၁၃ ဩဂုတ် ၂၀၂၄


# စစ်အုပ်စု၏ လေကြောင်းရန်

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် အာရက္ခတပ်တော်(AA)၏ ထိန်းချုပ်သိမ်းပိုက်ခြင်းခံလိုက်ရသည့် ဂွမြို့နယ် ကျိန္တလီမြို့ကို ဩဂုတ်လ ၁၅ ရက်တွင် စစ်ကောင်စီတပ်က လေယာဉ်ဖြင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် က လေးငယ် (၂) ဦးနှင့် အမျိုးသမီး (၆) ဦးအပါအဝင် အရပ်သားပြည်သူ (၁၁) ဦး သေဆုံးခဲ့ရပြီး (၁၁) ဦးဒဏ်ရာရရှိ ခဲ့ပါသည်။ ဩဂုတ်လ ၁၀ ရက်ကလည်း မြောက်ဦးမြို့ ကြက်ဈေးရပ်ကွက်၊ မြောက်ဦးဟိုတယ်လမ်းဆုံကို ဂျက်ဖိုက်တာဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် အရပ်သား ၆ ဦးသေဆုံးပြီး ၇ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ [2]

ချင်းပြည်နယ် ထန်တလန်မြို့အခြေစိုက် စစ်ကောင်စီတပ်ရင်း ခလရ (၂၆၉) ကို ချင်းအမျိုးသားတပ်ဦး(CNF) ဦးဆောင်သည့် ပူးပေါင်းဖွဲ့များက ဩဂုတ်လ (၅) ရက်တွင် သိမ်းပိုက်ခဲ့သည်။ ထို့နောက် ဩဂုတ်လ (၆) ရက် နံနက် (၁၂) နာရီဝန်းကျင်တွင် ဂျက်ဖိုက်တာ (၃)စီးဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ လေကြောင်းမှတဆင့် အကြိမ်ကြိမ်တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် ကြုံတွေ့ခဲ့ရသည့် ထန်တလန်မြို့တွင် အရပ်သားပြည်သူများနေထိုင်ခြင်းမရှိတော့ဘဲ မြို့ပျက်ကြီးသဖွယ်ဖြစ်နေပါသည်။[3]

ဇူလိုင်လ ၁၇ ရက်၊ စဉ့်ကူးမြို့ကို ပြည်သူ့ကာကွယ်ရေးတပ်မတော်-မန္တလေး (MDY-PDF) က သိမ်းပိုက်ထိန်း ချုပ်ခဲ့ပြီးနောက် ဇူလိုင် ၂၃ ရက်တွင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ရွာကို စစ်ကောင်စီက လေကြောင်းမှ တဆင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်အတွင်း (၅) လသားအရွယ် ကလေးငယ်တစ်ဦးအပါအဝင် ဒေသခံပြည်သူ (၆) ဦးဒဏ်ရာရရှိခဲ့သည်။[4]

စစ်ကောင်စီတပ်၏ နှစ်အလိုက် လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်များ




[2] ကျိန္တလီမြို့က ခရစ်ယာန်ဘာသာရေးကျောင်းကို စစ်ကောင်စီက လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်သည့်အတွက် ကလေးငယ် ၂ ဦးအပါအဝင် ၁၁ ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရ၊ နိရဉ္စရာ၊ ၁၇ ဩဂုတ် ၂၀၂၄

[3] ထန်တလန်ရှိ အကြီးဆုံးတပ်စခန်း ဆုံးရှုံးပြီးနောက် စစ်ကောင်စီတပ်က ဂျက်ဖိုက်တာ ၃ စီးဖြင့် မြို့ကိုဗုံးကြဲ၊ မဇ္ဈိမ ၊ ၆ ဩဂုတ် ၂၀၂၄

[4] စဉ့်ကူးတွင် စစ်တပ် ဗုံးကြဲမှုကြောင့် ကလေးငယ် ၁ ဦး အပါအဝင် ပြည်သူ ၆ ဦး ဒဏ်ရာရ၊ ဒီဗွီဘီ၊ ၂၅ ဇူလိုင် ၂၀၂၄

အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများသည် မြို့သိမ်းခံရသည့်ဖြစ်စဉ်များ၊ စခန်းသိမ်းခံရသည့်ဖြစ်စဉ်များနှင့် တိုက်ရိုက်ချိတ်ဆက်နေပြီး စစ်အာဏာသိမ်းကာလတလျှောက် ၂၀၂၄ ခုနှစ်အတွင်း လေကြောင်းတိုက်ခိုက်မှုအရေအတွက်သည် အများဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။ တဆက်တည်းတွင် အဆိုပါလေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များနှင့် စစ်ကောင်စီ၏ လေကြောင်းရန်ကြောင့်ပင် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်ပြည်သူများအတွက် ပြေးရှောင်စရာပိုမိုကျဉ်းမြောင်းလာခဲ့ပါသည်။

## ကျိုးလန့်စာစား ပြည်သူများ

မိမိတို့ BNI-Myanmar Peace Monitor ၏ မှတ်တမ်းအရ နိုင်ငံတဝှမ်း စစ်ကြောင့်နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်ပြည်သူပေါင်း ၃ ဒသမ ၂ သန်းကျော်အထိ ရှိလာပြီး[5] ထိုအထဲမှ သုံးပုံတစ်ပုံခန့် (၁,၀၆၁,၉၇၆)သော စစ်ဘေးရှောင်ပြည်သူများသည် "၁၀၂၇ စစ်ဆင်ရေး"နောက်ပိုင်း မြို့သိမ်းဖြစ်စဉ်များ၊ စစ်စခန်းဆုံးရှုံးမှုများနှင့်ဆက်စပ်နေပြီး အများစုသည် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုအန္တရာယ်နှင့် လက်နက်ကြီး ရမ်းသန်းပစ်ခတ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် ဧပြီလတစ်လတည်းတွင် ရှော့တိုက်ဒုံးဖြင့် နှစ်ကြိမ်ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသည့် ပြင်ဦးလွင်မြို့ရှိ အာဏာသိမ်းစစ်အုပ်စုနှင့် အပေါင်းအပါများသည် နောင်ချိုမြို့အားတော်လှန်ရေးအင်အားစုများထံ လက်လွှတ်လိုက်ရပြီးနောက် ပြင်ဦးလွင်မြို့ကို စွန့်ခွာကာ မန္တလေး၊ နေပြည်တော်၊ ရန်ကုန်ကဲ့သို့သော မြို့ကြီးများဆီ ဦးတည်ထွက်ပြေးရန် ပြင်ဆင်ကြိုးပမ်းနေသည်ဟုဆိုပါသည်။ အလားတူ ပြင်ဦးလွင်မြို့ ဒေသခံပြည်သူများကလည်း စစ်ရေးပဋိပက္ခအတွက် စိုးရိမ်ပူပန်နေကြကာ နေရပ်စွန့်ခွာတိမ်းရှောင်ကြရန် ပြင်ဆင်နေကြသည်ကိုတွေ့ရသည်။

အလားတူမန္တလေးမြို့နှင့် နီးကပ်လာသည့် တိုက်ပွဲများကြောင့် မန္တလေးမြို့ပေါ်ရှိဒေသခံပြည်သူများကလည်း စစ်ဘေးလွတ်ရာတိမ်းရှောင်ရန် ပြင်ဆင်နေကြပါသည်။ မန္တလေးမြို့သည် တအာင်းတပ်ဖွဲ့(TNLA)နှင့် ပူးပေါင်း တပ်ဖွဲ့များသိမ်းပိုက်ထားသည့် မိုးကုတ်မြို့နှင့် မိုင် (၁၀၀) ကျော်သာ ကွာဝေးပြီး ပြည်သူ့ကာကွယ်ရေးတပ်မတော် - မန္တလေး(MDY-PDF) နှင့် ပူးပေါင်းတပ်ဖွဲ့များသိမ်းပိုက်ထားသည့် စဉ့်ကူးမြို့နှင့် မိုင်(၅၀)ကျော်သာ ကွာဝေးပါသည်။ စစ်ကောင်စီတပ်အနေဖြင့်လည်း မန္တလေးမြို့ကို ခံစစ်အသွင်ပြင်ဆင်ထားသည်ဟုဆိုပါသည်။

"နေ့တိုင်းနီးပါး ညနေမှောင်ပြီဆိုရင် လေယာဉ်တွေပျံလိုက် ဟက်စကီးတွေ ပျံလိုက်နဲ့ သူ့ဟာနဲ့သူ ရှုပ်နေတာပဲ။ ကျုံးဘက်က အထပ်မြင့်အိမ်တွေမှာလည်း တပ်စွဲထားတယ်" ဟု မန္တလေးဒေသခံတစ်ဦးက ပြောပါသည်။[6]

---

[5] Internally Displaced Persons Situation in Myanmar, BNI-MPM, 13 Aug 2024

[6] မန္တလေးဒေသခံအချို့ စစ်ဘေးတိမ်းရှောင်ရန် ပြင်ဆင်မှုများလုပ်၊ ၂၅ ဇူလိုင် ၂၀၂၄

> “စစ်ရေးစစ်ဘောင် ကျယ်ပြန့်လာသည်နှင့်အမျှ စစ်ဘေးရှောင်ရန် နယ်မြေသည် တဖြည်းဖြည်းပိုမိုကျဉ်းမြောင်းလာခဲ့ပြီဖြစ်သည်။”

# သုံးသပ်တင်ပြချက်

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ဝန်ကြီးချုပ်မန်းဝင်းခိုင်သန်းကလည်း မန္တလေးမြို့အနီးအထိ ခုခံတော်လှန်စစ်ဆင်ရေးလှိုင်းများရောက်ရှိလာသည့်အတွက် စစ်ရေးအခြေအနေများကို မျက်ခြေမပြတ်စောင့်ကြည့်ကာ ကြိုတင်ပြင်ဆင်ကြဖို့ တိုက်တွန်းထားသည်။

ချင်းပြည်နယ်တွင်သော်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင်သော်လည်းကောင်း၊ မန္တလေးတိုင်းတွင်သော်လည်းကောင်း၊ ကချင်ပြည်နယ်တွင်သော်လည်းကောင်း စစ်ကောင်စီတပ်များကင်းစင်ရေးဟု ကြွေးကြော်ကာ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO) များကိုယ်တိုင်ဦးစီးဦးဆောင်ပြုပြီး လွတ်မြောက်ရေးအတွက် စစ်ကောင်စီတပ်များအားဟန်ချက်ညီထိုးစစ်ဆင်မှုများကို အရှိန်အဟုန်မြှင့်လာသည်ကို တွေ့ရသည်။ တော်လှန်ရေးအင်အားစုများ၏ စခန်းသိမ်း၊ မြို့သိမ်းစစ်ဆင်ရေးများသည် ဆက်လက်အားကောင်းလာမည့် အရိပ်အယောင်များသည်လည်း ထင်ရှားလာပြီဖြစ်သည်။ ကချင်၊ မန္တလေး၊ ချင်းနှင့် ရခိုင်ဒေသများအတွင်း “Sold Out” မြို့များ ထွက်ပေါ်လာနိုင်ပါသေးသည်။ တဆက်တည်းတွင် အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားသော အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကိုလည်း စိတ်မချမ်းမြေ့ဖွယ် ကြားသိမြင်တွေ့ရပေလိမ့်မည်။

နိုင်ငံ့ဧရိယာ၏ ၆၇ ရာခိုင်နှုန်း (မြို့နယ်ပေါင်း ၂၂၂ မြို့နယ်)တွင် အာဏာသိမ်းစစ်ကောင်စီတပ်များနှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလျက်ရှိသည်။ စစ်ရေးစစ်ဘောင် ကျယ်ပြန့်လာသည်နှင့်အမျှ စစ်ဘေးရှောင်ရန်နယ်မြေသည် တဖြည်းဖြည်းပိုမိုကျဉ်းမြောင်းလာခဲ့ပြီဖြစ်သည်။ တောင်တန်းမြေပြန့်ဒေသအလိုက် မြို့ပေါင်း (၇၆) မြို့ကို သက်ဆိုင်ရာဒေသအလိုက် သိမ်းပိုက်ထိန်းချုပ်ထားခဲ့ကြသည့် တော်လှန်ရေးအင်အားစုများသည် စစ်ဘေးရှောင်ပြည်သူများအတွက် လုံခြုံမှုပေးစွမ်းနိုင်ရေး ကြိုးပမ်းသင့်ပါသည်။ နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့်လည်း မြန်မာပြည်သူလူထုကို အမှန်တကယ်အကာအကွယ်ပေးနိုင်ရေးအတွက် စစ်အုပ်စု၏ လေကြောင်းရန်ကို ဟန့်တားနိုင်ရေး အလေးအနက်ထား စဉ်းစားသင့်ပြီဖြစ်သည်။ လွတ်မြောက်နယ်မြေများကို အမှန်တကယ်လွတ်မြောက်နိုင်ရေးအတွက် ထောက်ကူပံ့ပိုးရန် လိုအပ်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါသည်။





CDM တွေတော်လှန်ရေးလုပ်လို့ လူ့အရင်းအမြစ်တွေ ဆုံးရှုံးတယ်လို့ မင်းအောင်လှိုင်က ပြောတာနဲ့ ပတ်သက်ပြီး ကျမတို့အနေနဲ့ တုန့်ပြန်ရမယ်ဆိုရင် လူ့အရင်းအမြစ်တွေက ဘယ်မှမဆုံးရှုံးဘူးပေါ့နော်။ လူ့အရင်းအမြစ်တွေက ရှိနေပြီးသားပဲ။ အဓိကက ဒီ CDM လုပ်တဲ့သူတွေက ဒီစစ်ရဲ့အုပ်ချုပ်မှု၊ စစ်ရဲ့လူထုအပေါ်မှာပေ့ါနော်၊ စစ်အုပ်စုက အာဏာကို ဓားပြတိုက်သွားတာကို သူတို့ လုံးဝမကျေနပ်လို့ လက်မခံလို့ CDM လုပ်တာ ဖြစ်တယ်။ ဒါတွေက သူတို့တွေက ပြည်သူတွေကို ဝန်ဆောင်မှု မပေးချင်တော့တာမဟုတ်ဘူး။ ပြည်သူတွေအပေါ်မှာ ရပ်တည်ပြီး တော့မှ ပြည်သူတွေအတွက် ဝန်ဆောင်မှုဆက်လုပ်ပေးနိုင်ဖို့ ပြည်သူ့ဝန်ထမ်းအနေနဲ့ ပြည်သူတွေကို သစ္စာရှိပြီး CDM လုပ်ခြင်း ဖြစ်ပါတယ်”


မူစဲ
ဒါရိုက်တာ
ကျေးလက်မြေအဖွဲ့ ၊ ကရင်နီ (ကယား) ပြည်နယ်

*(BNI-MPM Website တွင် ဖော်ပြထားသည့် "ကရင်နီ (ကယား) ပြည်နယ်အခြေစိုက် ကျေးလက်မြေအဖွဲ့ ဒါရိုက်တာမူစဲနှင့် အမေးအဖြေ" မှ ကောက်နုတ်ထားသည်)*

# တော်လှန်ရေးအင်အားစုများမှ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၇၄ မြို့





## တော်လှန်ရေးအင်အားစုအလိုက် သိမ်းပိုက်ထိန်းချုပ်ထားသည့်မြို့အရေအတွက်



| တော်လှန်ရေးအင်အားစု | မြို့အရေအတွက် |
|---|---|
| ULA/AA | 17 |
| PSLF/TNLA | 11 |
| MNDAA | 10 |
| KIO/KIA | 9 |
| CNF-CDF | 7 |
| NUG-PDF | 6 |
| KNDF | 5 |
| KNU/KNLA | 3 |
| Chin Brotherhood | 2 |
| UWSP/UWSA | 2 |
| CDF - Mindet | 1 |
| KNPP/KA | 1 |
| MDF/ MTC | 1 |
| PNLO/PNLA | 1 |

## တော်လှန်ရေးအင်အားစုများထိန်းချုပ်ထားသည့် မြို့များ၏ အုပ်ချုပ်ရေးအဆင့်




BNI-Myanmar Peace Monitor

mmpeacemonitor.org


https://t.me/bni_mmpeacemonitor


Source : BNI-MPM Data (21.8.2024)

# နှစ်ပတ်အတွင်းတိုက်ပွဲဖြစ်ပွားမှုအခြေအနေ ( ဇူလိုင် ၃၁ – ဩဂုတ်၁၃ ၂၀၂၄ )

## ၈၇

နှစ်ပတ်အတွင်းတိုက်ပွဲဖြစ်ပွားမှု




## ရခိုင်

တိုက်ပွဲဖြစ်ပွားမှုအများဆုံးပြည်နယ်





BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၁၃ ရက်အထိ စစ်အာဏာသိမ်းကာလအတွင်း မြန်မာနိုင်ငံတဝှမ်းလုံးတွင် တိုက်ပွဲဖြစ်ပွားမှုစုစုပေါင်း **၅,၀၄၁ ခု** အထိရှိခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် တစ်ရက်ကို ဖြစ်စဉ်တစ်ခုအဖြစ်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက် ပိုမိုများပြားနိုင်ပါသည်။

BURMA NEWS INTERNATIONAL
MYANMAR PEACE MONITOR
BNI-Myanmar Peace Monitor
mmpeacemonitor.org
https://t.me/bni_mmpeacemonitor

Source : BNI - MPM Dataset


# နှစ်ပတ်အတွင်း စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သား သေဆုံးမှုအခြေအနေ

( ဇူလိုင် ၃၁ - ဩဂုတ် ၁၃ ၂၀၂၄)




**BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၃၁ ရက် မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၁၃ ရက်အထိ နှစ်ပတ်တာအတွင်း စစ်ကောင်စီတပ်သား ၃၂၅ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်သား ၄ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ပဲခူး၊ ချင်း၊ မန္တလေး၊ ရခိုင်၊ စစ်ကိုင်း၊ ရှမ်းနှင့်တနင်္သာရီစသည့် တိုင်းနှင့်ပြည်နယ်အသီးသီးမှ အရပ်သားပြည်သူ ၂၀၆ ဦး သေဆုံးခဲ့သည်။**

# နှစ်ပတ်အတွင်း စစ်ဘေးရှောင်အရေအတွက် ( ဇူလိုင် ၃၁ – ဩဂုတ် ၁၃ ၂၀၂၄) ၅၀၅၀၀




BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ ၃၁ ရက် မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၁၃ ရက်အထိ နှစ်ပတ်တာအတွင်း နှစ်ဖက်တိုက်ပွဲဖြစ်ပွားမှု၊ စစ်ကောင်စီတပ်၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှု၊ အရပ်သားနေအိမ်များကို မီးရှို့ဖျက်ဆီးမှုများကြောင့် ရှမ်း၊ မန္တလေး၊ ရခိုင်၊ စစ်ကိုင်း၊ ပဲခူး နှင့် မကွေးစသည့် တိုင်းနှင့်ပြည်နယ် အသီးသီးမှ ဒေသခံ ပြည်သူ **၅၀,၅၀၀ ဦးခန့်** ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ ၁၃ ရက် အထိ စစ်အာဏာသိမ်းကာလအတွင်း စစ်ကြောင့် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ဘေးရှောင်ပြည်သူပေါင်း **၃သန်းကျော် (၃,၁၉၉,၀၇၀ ဦး)** အထိ ရှိလာသည်ကို တွေ့ရပါသည်။

BURMA NEWS INTERNATIONAL MYANMAR PEACE MONITOR

BNI-Myanmar Peace Monitor mmpeacemonitor.org https://t.me/bni_mmpeacemonitor

Source : BNI - MPM Dataset




*လာအိုနိုင်ငံ ဗီယမ်ကျင်းမြို့မှာကျင်းပနေတဲ့ ၃၁ ကြိမ်မြောက် အာဆီယံ ဒေသတွင်း လုံခြုံရေးဆွေးနွေးပွဲ (Asean Regiona Forum-ARF) (ဩဂုတ် ၁၊ ၂၀၂၄)* *Photo - AFP*

မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်နေသည့် တိုက်ပွဲများမှ အရပ်သားပြည်သူများအား ထိခိုက်မှုမရှိအောင် ကာကွယ်ပေးကြရန် အာဆီယံဒေသတွင်း လုံခြုံရေးဆွေးနွေးပွဲ (Asean Regional Forum-ARF) တွင်ပါဝင်သော အဖွဲ့ဝင်နိုင်ငံများက ဩဂုတ် ၁ ရက်တွင် တိုက်တွန်းထားသည်။ လက်ရှိတွင် နိုင်ငံတစ်ဝန်း စစ်ရေးပဋိပက္ခအရှိန်မြင့်လာပြီး အရပ်သားများ သေဆုံးခြင်းအပြင် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရခြင်းကြောင့် ယခုကဲ့သို့ တောင်းဆိုမှုများထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ အာဆီယံဒေသတွင်း လုံခြုံရေးဆွေးနွေးပွဲသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအပြင် အမေရိကန်၊ အီးယူ၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ဩစတြေးလျနှင့်ရုရှားနိုင်ငံတို့လည်း တက်ရောက်ခဲ့ကြသည်။ [1]

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား(IIMM ) အနေဖြင့် မြန်မာ့စစ်ကောင်စီတပ်၏ အရပ်သားများအပေါ် ကျူးလွန်သော ပြန်ပေးဆွဲမှု၊ မုဒိမ်းမှုများအပါအဝင် ရာဇဝတ်မှုများကျူးလွန်ထားသော အထောက်အထားများကိုရရှိထားကြောင်း ဩဂုတ် ၁၃ ရက်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကြီးလေးသည့် ရာဇဝတ်မှုများအတွက် မည်သည့် စစ်ဘက် သို့မဟုတ် အရပ်ဘက် အရာရှိ တစ်ဦးဦးအား တရားစွဲမှုလုပ်ထားခြင်းမရှိသည့်အပြင် စုံစမ်းစစ်ဆေးမှုလုပ်သည်ဆိုသည့် အချက်အလက်များပင် မရရှိကြောင်း IIMM ၏ အစီရင်ခံစာတွင်ဖော်ပြထားသည်။ သို့သော် IIMM ၏ ဦးစားပေးစုံစမ်းစစ်ဆေးမှု

[1] မြန်မာနိုင်ငံပဋိပက္ခတွေမှာ အရပ်သားတွေကို အကာအကွယ်ပေးဖို့ ARF တိုက်တွန်း https://tinyurl.com/24lqwmut

မူဝါဒနှင့်အညီ အဆိုပါအမှုများ၏ ပြင်းအားနှင့် အတိုင်းအဆကို ဆက်လက်အကဲဖြတ်သွားမည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောဆိုထားသည်။[2]

ဩဂုတ်၁၁ရက်တွင်လည်း ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအတွင်း ပိုမိုပြင်းထန်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သားပြည်သူ အမြောက်အများ သေကြေဒဏ်ရာရရှိခြင်းနှင့်ပတ်သက်ပြီး အပြင်းထန်ဆုံး ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့သည်။

ထို့ပြင် လက်ရှိပဋိပက္ခတွင် ပါဝင်ပတ်သက်နေသော သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးအနေဖြင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေနှင့်အညီ အရပ်သားပြည်သူများနှင့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို အကာအကွယ်ပေးရန် လိုအပ်သည့်အပြင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပေးပို့ခွင့်ပြုဖို့လည်း ခွင့်ပြုသင့်ကြောင်း ထောက်ပြထားပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၁၉သန်းနီးပါး အကူအညီလိုအပ်နေပြီး လူသားချင်းစာနာမှုအကူအညီ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်နီးပါးလိုအပ်သော်လည်း လက်ရှိတွင် ၂၁၄ သန်းသာ ရရှိသေးကြောင်း UNOCHA က ဆိုထားပါသည်။[3]




*KNU ထိန်းချုပ်နယ်မြေ ဘီးလင်းမြို့နယ်ရှိ ခေါပိုးပလယ်(မင်းစော) အလယ်တန်းကျောင်းကို လေကြောင်းမှ တိုက်ခိုက်ခံရအပြီး ပျက်စီးသွားသည့် မြင်ကွင်းတစ်ခုအား ၂၀၂၄ ခုနှစ် မတ်လ ၂၄ ရက်နေ့က တွေ့ရစဉ်။*

အာဏာသိမ်းကာလတလျှောက် စစ်ကောင်စီတပ်နှင့် သံတမန်ဆက်ဆံရေး ပိုမို နီးနီးကပ်ကပ်ရှိသည့် တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် ၎င်းတို့၏ မူဝါဒနှင့်ပတ်သက်ပြီး ထုတ်ပြောလာသည်ကို တွေ့ရှိရပါသည်။ တရုတ်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း တိုက်ပွဲဖြစ်ပွားနေသည်ကို မလိုလားဘဲ၊ ဆွေးနွေးဖြေရှင်းကြဖို့သာ တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေး

2 မုဒိမ်းမှုများအပါအဝင် စစ်ကောင်စီတပ်၏ ရာဇဝတ်မှု ကျူးလွန်သည့် အထောက်အထားများ ရရှိထားကြောင်း IIMM ထုတ်ပြန် https://tinyurl.com/26g8rfl7

3 အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် အရပ်သားတွေသေဆုံးရမှု ကုလ ပြင်းပြင်းထန်ထန်ရှုတ်ချ https://tinyurl.com/22aacl58

"တရုတ်နိုင်ငံ၏ သဘောထား ရပ်တည်ချက်အပေါ် စစ်ခေါင်းဆောင် မင်းအောင်လှိုင်က တရုတ်အထူး ကိုယ်စားလှယ်နှင့် တွေ့ဆုံချိန်တွင် မေးခွန်းထုတ်ခဲ့ကြောင်း . . ."

ဝန်ကြီးဌာနပြောခွင့်ရသူ Ms. Mao Ning မော်နင်က ဩဂုတ်လ ၉ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့ပါသည်။

ထို့ပြင် တရုတ်အစိုးရအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်အသစ်တစ်ဦးအဖြစ် မစ္စမာကျားဆိုသူကို ခန့်အပ်မှုအား စစ်ကောင်စီတပ်မှ သဘောတူကြောင်း ဩဂုတ် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူး ကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်းမှ နေပြည်တော်တွင် စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံပြီးနောက် ယခုကဲ့သို့ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။[4]

ဩဂုတ် ၈ ရက်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွင်းနှင့် စစ်ကောင်စီခေါင်းဆောင်တို့သည် နေပြည်တော်တွင်တွေ့ဆုံခဲ့ပါသည်။[5] သို့သော် ၎င်းတို့ တွေ့ဆုံဆွေးနွေးမှုမှာ အဆင်မပြေခဲ့ကြောင်း၊ "၁၀၂၇ စစ်ဆင်ရေး" တွင် မြောက်ပိုင်းညီနောင်မဟာမိတ် ၃ ဖွဲ့နှင့် တော်လှန်ရေးအင်အားစုများ အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများတွင် တရုတ်နိုင်ငံက ပေးထားသည့် လက်နက်ခဲယမ်းများ ပါရှိနေခြင်းကြောင့် တရုတ်နိုင်ငံ၏ သဘောထားရပ်တည်ချက်အပေါ် စစ်ခေါင်းဆောင် မင်းအောင်လှိုင်က တရုတ်အထူးကိုယ်စားလှယ်နှင့် တွေ့ဆုံချိန်တွင်မေးခွန်းထုတ်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့ပါသည်။[6]

ဩဂုတ် ၁၃ရက်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိမှ မြန်မာနိုင်ငံခရီးစဉ်သွားရောက်ရန်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။ နိုင်ငံခြားရေးဝန်ကြီးသည် ထိုင်းနိုင်ငံတွင်ကျင်းပမည့် ၉ ကြိမ်မြောက် လန်ချန်း-မဲခေါင် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပြီး၊ ဩဂုတ် ၁၄ ရက်မှ ၁၇ ရက်အထိ ဝန်ကြီး၏ ၄ ရက်ကြာ ခရီးစဉ်တွင် တရုတ်၊ လာအို၊ မြန်မာနှင့် ထိုင်း နိုင်ငံခြားရေးဝန်ကြီးများနှင့် အလွတ်သဘော တွေ့ဆုံသွားမည်ဖြစ်သည်။[7]

---

4 မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်အဖြစ် အမျိုးသမီး သံတမန်သစ် ခန့်အပ်မည် https://tinyurl.com/27zgjdwr

5 စစ်ကောင်စီနှင့် ညီနောင်မဟာမိတ်သုံးဖွဲ့ကြား ဟိုင်ဂင်ဆွေးနွေးပွဲဖြစ်မြောက်ရေး တရုတ်အထူး ကိုယ်စားလှယ်လာရောက်ဟုဆို https://tinyurl.com/26stssuf

6 တရုတ်အထူးကိုယ်စားလှယ်နှင့် စစ်ခေါင်းဆောင် တွေ့ဆုံဆွေးနွေးမှု အဆင်မပြေ https://tinyurl.com/2ys77bxe

7 တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီ မြန်မာပြည်သွားမည် https://tinyurl.com/2bj4vlvf

## မှတ်ချက် ။ ။

Bi-Weekly News Reviews အတွင်း သတင်းအချက်အလက်များ၊ အကိုးအကား ဖြစ်စဉ် ဖြစ်ရပ်များကို BNI-Myanmar Peace Monitor၏ Dataset မှ ရယူအသုံးပြုထားခြင်းဖြစ်သည်။ Burma News International – BNI ၏ အဖွဲ့ဝင်သတင်းဌာန (၁၅) ခုနှင့် အခြားသော ပြည်တွင်း ပြည်ပ သတင်းဌာနများမှ နေ့စဉ် ဖော်ပြနေသည့် ငြိမ်းချမ်းရေးနှင့်ပဋိပက္ခတိုက်ပွဲဆိုင်ရာ သတင်းဖြစ်စဉ်များကို BNI - MPM ၏ Dataset တွင် နေ့စဉ် မှတ်တမ်းတင်ထားပါသည်။

BURMA NEWS INTERNATIONAL

MYANMAR PEACE MONITOR